(ကက) ဗိုလ်မှူးကြီးအဆင့်ဖြင့် အသက်(၆၀)မပြည့်မြောက်မီ တာဝန်ထမ်းဆောင်ရမည့် သက်တမ်းကာလကျော်လွန်၍ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်း တက်ရောက်အောင်မြင်ပြီးသူ (လက်ရှိအဆင့်ဖြင့်သာ သင့်လျော်သူများမပါ) ကို နေရာလစ်လပ်မှု မရှိ၍ အဆင့်တိုးပေးရန် ကျန်ရှိနေသူဖြစ်ပါက ဗိုလ်မှူးချုပ်အဆင့်သို့ ချီးမြှင့်ပြီး အငြိမ်းစားပေးရန် ဖြစ်သည်။

( ခခ ) ဗိုလ်မှူးကြီးအဆင့်ဖြင့် အသက်(၆၀)မပြည့်မြောက်မီ တာဝန်ထမ်းဆောင်ရမည့် သက်တမ်းကာလကျော်လွန်၍ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်း တက်ရောက်ခွင့်ရရှိသော်လည်း လက်ရှိအဆင့်ဖြင့်သာ ထောက်ခံသူ၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် သင်တန်း တက်ရောက်ခွင့်မရရှိသူများကို သတ်မှတ်ကာလ ထမ်းဆောင်ပြီး လက်ရှိအဆင့်ဖြင့်သာ အငြိမ်းစားပေးရန် ဖြစ်သည်။

**မှတ်ချက်။** တစ်ဆင့်မြင့်ရာထူးများချီးမြှင့်၍ အငြိမ်းစားပေးခံရသူများသည် အောက်ပါအချက်များဖြင့် ကိုက်ညီရမည်-

(၁) အကျင့်စာရိတ္တကောင်းမွန်ပြီး ငွေကြေးအမှုကိစ္စရပ်များ ကင်းရှင်းရမည်။

(၂) အခြားတာဝန်ပေးအပ်မှုများရှိပါကသက်တမ်းပြည့်သည်အထိတာဝန်ထမ်းဆောင်ရန် လက်ခံဆောင်ရွက်နိုင်သူ ဖြစ်ရမည်။”

၂။ ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ်၊ ၁၈/၇၃ ၏ စာပိုဒ် (၇)တွင် အောက်ဖော်ပြပါ အချက်များကို စာပိုဒ်ခွဲ(ဂ)အဖြစ် ဖြည့်စွက်လိုက်သည်-

“(ဂ) တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိများ တာဝန်ထမ်းဆောင်မှု သက်တမ်းကာလများကို သတ်မှတ်ထားသော်လည်း ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ်၊ ၁၈/၇၃ စာပိုဒ် (၇)၊ စာပိုဒ်ခွဲ(က)၊ ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ်၊ ၆/၉၀ စာပိုဒ် (၂၁)၊ စာပိုဒ်ခွဲ(က)နှင့် စာပိုဒ်(၂၇)တို့အရ အောက်ပါအတိုင်း သတ်မှတ် ဆောင်ရွက်နိုင်သည်-

(၁) အဆင့်လိုက်တာဝန်ထမ်းဆောင်မှု သက်တမ်းကာလ သတ်မှတ်ရက်များပြည့်ပါက အငြိမ်းစားပေးခြင်း၊ လိုအပ်ပါက အရန်အင်အားဖြင့် တွဲဖက်တာဝန်ပေးခြင်းများ ဆောင်ရွက်နိုင်သည်။

(၂) သီးခြားတာဝန်ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် လိုအပ်ပါက ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ် ၁၈/၇၃ စာပိုဒ် (၇)၊ စာပိုဒ်ခွဲ (က) အရ ဆက်လက်တာဝန်ပေးအပ်နိုင်သည်။”

၃။ ယခင်ထုတ်ပြန်ခဲ့သည့် ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ် ၄/၂၀၁၄၊ ၁/၂၀၁၆၊ ၅/၂၀၁၆ နှင့် ၁/၂၀၁၇ တို့ကို ပယ်ဖျက်လိုက်သည်။

၄။ ဤညွှန်ကြားလွှာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ပုံ) မျိုးဇော်သိန်း
ဒုတိယဗိုလ်ချုပ်ကြီး
စစ်ရေးချုပ်

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် (၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

[ ယခင်အပတ် နိုင်ငံတော်သမ္မတရုံး၊ ညွှန်ကြားချက်အမှတ် (၇/၂၀၂၀)၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေတောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာစံထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာညွှန်ကြားချက်မှအဆက် ]

**"တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ဖွဲ့စည်းခြင်းနှင့် တာဝန်များ**

၄၀။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ တင်ဒါဗဟိုကော်မတီသည် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်−

(က) တင်ဒါခေါ်ယူသည့်သက်ဆိုင်ရာဌာန သို့မဟုတ် လုပ်ငန်း၏ ဒုတိယညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အထွေထွေမန်နေဂျာ သို့မဟုတ် ညွှန်ကြားရေးမှူး သို့မဟုတ် ရာထူးအဆင့်တူ တစ်ဦးဦး။ ဥက္ကဋ္ဌ

(ခ) တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းငွေစာရင်း(Project finance)၊ ဘဏ္ဍာရေး မူဝါဒ (Fiscal Policy)၊ အခွန်အခကိစ္စရပ်များကို စိစစ်နိုင်ရန် ဆက်စပ်ဌာနများမှ ကျွမ်းကျင်မှုဆိုင်ရာကိုယ်စားလှယ် အနည်းဆုံး ၃ ဦးမှ ၅ ဦးအထိ၊ (လိုအပ်ပါက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မှတ်ပုံတင်လက်မှတ်ရဘာသာရပ်ဆိုင်ရာ ပြင်ပ ပညာရှင်ကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။) အဖွဲ့ဝင်များ

(ဂ) တင်ဒါခေါ်ယူသည့် ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာ တင်ဒါခေါ်ယူသည့် ဦးစီးဌာန/လုပ်ငန်း မဟုတ်သည့် ဌာနတစ်ခုခုမှ ဒုတိယညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အထွေထွေမန်နေဂျာ သို့မဟုတ် ညွှန်ကြားရေးမှူး သို့မဟုတ် ရာထူးအဆင့်တူတစ်ဦးဦး။ အတွင်းရေးမှူး

၄၁။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများ၏ တင်ဒါဗဟိုကော်မတီသည် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်−

(က) တင်ဒါခေါ်ယူသည့် ဦးစီးဌာန၏တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူး ဥက္ကဋ္ဌ

(ခ) တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းငွေစာရင်း(Project finance)၊ ဘဏ္ဍာရေး မူဝါဒ (Fiscal Policy)၊ အခွန်အခကိစ္စရပ်များကို စိစစ်နိုင်ရန် ဆက်စပ်ဌာနများမှ ကျွမ်းကျင်မှုဆိုင်ရာ ကိုယ်စားလှယ်အနည်းဆုံး ၃ ဦးမှ ၅ ဦးအထိ၊ (လိုအပ်ပါက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှတ်ပုံတင်လက်မှတ်ရ ဘာသာရပ်ဆိုင်ရာ ပြင်ပ ပညာရှင်ကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။) အဖွဲ့ဝင်များ

(ဂ) တင်ဒါခေါ်ယူသည့်ဝန်ကြီးဌာနလက်အောက်ရှိ (တင်ဒါခေါ်ယူသည့် ဦးစီးဌာနမဟုတ်သည့်) ဦးစီးဌာနတစ်ခုခုမှ ဦးစီးမှူး၊ အတွင်းရေးမှူး

(မှတ်ချက်။ နယ်မြေဒေသအလိုက် လိုအပ်ပါက ကျပ်သန်း ၁၀၀ အောက်လုပ်ငန်းများ၏ တင်ဒါစိစစ်ရေးနှင့် လက်ခံရေး ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို ခရိုင်အဆင့် ဌာနဆိုင်ရာအရာရှိများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။)

၄၂။ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) နည်းပညာနှင့် ဒေသန္တရဈေးနှုန်းစိစစ်ခြင်း၊

(ဂ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(ဃ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

၄၃။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီသည် တင်ဒါများကို စိစစ်ရာတွင် တင်ဒါဗဟိုကော်မတီက သတ်မှတ်ထားသောအရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ စိစစ်၍ ကော်မတီဝင်အများစု၏ သဘောတူညီ ချက်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည် (ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၏ လွှမ်းမိုးမှုမရှိစေရ။) အကယ်၍ ဆုံးဖြတ်ချက်အပေါ် အငြင်းပွားမှု၊ သဘောထားကွဲလွဲမှု ပေါ်ပေါက်ခဲ့ပါက တင်ဒါဗဟိုကော်မတီထံသို့ တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

၄၄။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီသည် တင်ဒါလက်ခံရေးနှင့် ရွေးချယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သမာသမတ်ရှိပြီး စနစ်တကျနှင့် မှန်ကန်မှုရှိစေရေး တာဝန်ယူရမည်။

**"အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီ" ဖွဲ့စည်းခြင်းနှင့် တာဝန်များ**

၄၅။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ တင်ဒါဗဟိုကော်မတီသည် အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | တင်ဒါခေါ်ယူသည့် ဝန်ကြီးဌာနလက်အောက်ရှိ (တင်ဒါခေါ်ယူသည့် ဦးစီးဌာနမဟုတ်သည့်) ဦးစီးဌာနတစ်ခုခုမှ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနတစ်ခုခု၏ ဒုတိယညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဆက်စပ်ဌာနများမှကိုယ်စားလှယ်နှင့် သက်ဆိုင်ရာပညာရပ်ကျွမ်းကျင်သူ အနည်းဆုံး ၃ ဦးမှ အများဆုံး ၅ ဦးအထိ (တည်ဆောက်ရေးလုပ်ငန်း တည်ရှိရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သော ကိုယ်စားလှယ်တစ်ဦးအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။ လိုအပ်ပါက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ မှတ်ပုံတင် လက်မှတ်ရ ဘာသာရပ်ဆိုင်ရာ ပြင်ပပညာရှင်ကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။) | အဖွဲ့ဝင်များ |
| (ဃ) | တင်ဒါခေါ်ယူသည့် ဦးစီးဌာနမှညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၄၆။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများ၏ တင်ဒါဗဟိုကော်မတီသည် အရည်အသွေး ထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | (တင်ဒါခေါ်ယူသည့်ဦးစီးဌာနမဟုတ်သည့်) ဦးစီးဌာနမှဦးစီးမှူး | ဥက္ကဋ္ဌ |
| (ခ) | ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ ဦးစီးဌာနညွှန်ကြားရေးမှူး | ဒုတိယဥက္ကဋ္ဌ |

( ဂ ) အဖွဲ့ဝင်အဖြစ် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာပညာရပ် ကျွမ်းကျင်သူ အနည်းဆုံး (၃) ဦးမှ အများဆုံး (၅) ဦးအထိ (လိုအပ်ပါက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ မှတ်ပုံတင်လက်မှတ်ရဘာသာရပ်ဆိုင်ရာပြင်ပပညာရှင်ကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။) အဖွဲ့ဝင်

( ဃ ) တင်ဒါခေါ်ယူသည့် တိုင်းဒေသကြီး၊ ပြည်နယ်ရှိ ညွှန်ကြားရေးမှူး/ ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး

(မှတ်ချက်။ အဖွဲ့ဝင်အဖြစ် နယ်မြေဒေသအလိုက် လိုအပ်ပါက ကျပ်သိန်း ၁၀၀ အောက်လုပ်ငန်းများ၏ အရည်အသွေး ထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို ခရိုင်အဆင့်ဌာနဆိုင်ရာ အရာရှိများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။)

၄၇။ အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီသည် အောက်ဖော်ပြပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်–

(က) တည်ဆောက်ရေးလုပ်ငန်းအား ကန်ထရိုက်စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊

( ခ ) တည်ဆောက်ပြီးစီးသော လုပ်ငန်းများကိုစိစစ်လက်ခံခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် မကိုက်ညီသော လုပ်ငန်းများအား ပြန်လည်ပြင်ဆင်စေခြင်း၊

( ဂ ) လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့ရက်မှ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်နေ့ရက်အထိ လုပ်ငန်းစဉ်တိုင်း အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC Team) နှင့် အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ တတိယအဖွဲ့အစည်း (ရှိလျှင်) တို့မှ သတ်မှတ်ကာလအပိုင်းအခြားအလိုက် ပုံမှန်စစ်ဆေးတင်ပြမှုများကို ကြီးကြပ်စစ်ဆေးခြင်း၊

(ဃ) အရည်အသွေးစစ်ဆေးရန် လုပ်ငန်းအပ်နှံခြင်းဆိုင်ရာ သဘောတူစာချုပ်ပါ အချက်အလက်များအတိုင်း **အရည်အသွေးစစ်ဆေးရေး** အဖွဲ့မှ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေးခြင်း၊

( င ) စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာများကို တင်ဒါဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊

( စ ) စီမံကိန်းလုပ်ငန်းတစ်ခုလုံး အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တာဝန်ခံကြီးကြပ်ခြင်း၊

(ဆ) အရည်အသွေးပြည့်မီစွာ လုပ်ငန်းပြီးစီးကြောင်း စစ်ဆေးအတည်ပြုချက်အစီရင်ခံစာကို တင်ဒါ ဗဟိုကော်မတီသို့ တင်ပြခြင်း။

## အခန်း (၁၀)
## တင်ဒါခေါ်ယူနိုင်သည့်နည်းလမ်းများ

၄၈။ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒီဇိုင်းပုံစံများကို ပြည့်စုံစွာရေးဆွဲပြီး တင်ဒါ ခေါ်ယူသည့်စနစ် (Design Bid Build) ဖြင့် ဆောင်ရွက်ရမည်။ နည်းပညာမြင့်မားပြီး လုပ်ငန်းပမာဏကြီးမားသော စီမံကိန်း/လုပ်ငန်းများအတွက် Design Build နှင့် အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သောစီမံကိန်းများ Engineering Procurement Construction နည်းလမ်းများဖြင့်လည်း ဆောင်ရွက်နိုင်သည်။ တင်ဒါခေါ်ယူသည့်နည်းလမ်း များနှင့် ဆောင်ရွက်နိုင်မည့်အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) **ကျပ် ၁၀ သန်းအောက်တန်ဖိုးရှိသော တည်ဆောက်ရေးလုပ်ငန်းများ။** တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ ယုံကြည်စိတ်ချရသောလုပ်ငန်းရှင် အနည်းဆုံး ၃ ဦးထံမှ “ဈေးနှုန်းအဆိုပြုလွှာများတောင်းခံခြင်း” နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းအပ်နှံသူက ဌာနတွင်းစိစစ်ရေး အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

( ခ ) **ကျပ် ၁၀ သိန်းနှင့်အထက်တန်ဖိုးရှိသော တည်ဆောက်ရေးလုပ်ငန်းများ။** တင်ဒါခေါ်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်နိုင်သည့် တင်ဒါနည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (Open Tendering)၊

(၂) ကန့်သတ်တင်ဒါခေါ်ယူခြင်း (Limited Tendering)၊

(၃) တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုခြင်း (Direct Contracting)။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၄၉။ အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းဖြင့် ဆောင်ရွက်ရမည်–

(က) စတုရန်းမီတာ ၁၀၀ အောက်ရှိသော နှစ်ထပ်အထိ သာမန်အဆောက်အဦများ၊ ခြံစည်းရိုး၊ ဂိတ်တံခါး၊ ရေကန်၊ ရေမြောင်းအစရှိသည့် သာမန်တည်ဆောက်ခြင်းလုပ်ငန်းငယ်များ၊

( ခ ) စတုရန်းမီတာ ၁၀၀ နှင့်အထက်ရှိသော နှစ်ထပ်အထက်ရှိသည့် ဘေးကင်းလုံခြုံမှုရှိစေရန် ဂရုပြုရမည့် အဆောက်အဦများအားလုံး၊

( ဂ ) လမ်း၊ တံတား၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သောစက်ရုံ၊ လျှပ်စစ်ဓာတ်အားလိုင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ ရေနံ/ဓာတုလုပ်ငန်းများ၊မြစ်ကြမ်းပြင်တွင်ဆောင်ရွက်သည့်လုပ်ငန်းများ၊ရေလမ်းထိန်းသိမ်းရေးလုပ်ငန်း၊ ဆိပ်ကမ်းများ၊ ဆည်၊ မြောင်း၊ တာတမံများ၊ လေယာဉ်ကွင်းများစသည့် နည်းပညာဆိုင်ရာ အရေးကြီးသော အများပြည်သူသုံးတည်ဆောက်ရေးလုပ်ငန်းများ၊

(ဃ) စီမံကိန်း/လုပ်ငန်းတစ်ခုလုံးကို ဆောင်ရွက်ရာတွင် ဘဏ္ဍာရေး (၂) နှစ် သို့မဟုတ် (၂) နှစ်ထက်ပို၍ ဆောင်ရွက်ရမည့် နှစ်ဆက်လုပ်ငန်းအား တစ်ကြိမ်တည်းအိတ်ဖွင့်တင်ဒါခေါ်ယူရမည့်လုပ်ငန်းများ။

**ကန့်သတ်တင်ဒါခေါ်ယူခြင်း (Limited Tendering)**

၅၀။ အောက်ပါအခြေအနေများတွင် ကန့်သတ်တင်ဒါခေါ်ယူခြင်းကို ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အဆုံးအဖြတ်ရယူဆောင်ရွက်နိုင်သည်–

(က) အများပြည်သူဘေးကင်းလုံခြုံမှုအတွက် အရေးပါပြီး နည်းပညာမြင့်မား၍ ထူးခြားသည့်ဝိသေသရှိသော လမ်း၊ တံတားကြီးများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သောစက်ရုံ၊ လျှပ်စစ်ဓာတ်အားလိုင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ မြစ်ကြမ်းပြင်တွင်ဆောင်ရွက်သည့်လုပ်ငန်းများ၊ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ရှေးဟောင်းအဆောက်အဦများ၊ ထိန်းသိမ်းသည့်လုပ်ငန်းများ၊ ဆိပ်ကမ်းများ၊ ဆည်၊ မြောင်း၊ တာတမံများ၊ လေယာဉ်ကွင်းများ၊ မီးရထားလမ်းများ၊ နိုင်ငံတော်ပိုင်အရေးကြီးသောအဆောက်အဦကြီးများနှင့် ဆေးရုံကြီးများစသည့် တည်ဆောက်ရေးလုပ်ငန်းများ၊

( ခ ) သဘာဝဘေးအန္တရာယ်ကြောင့် တောင်ပြိုခြင်း၊ တာတမံပျက်စီးခြင်း၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများပြတ်တောက်ခြင်း၊ လမ်းဆက်သွယ်မှုပြတ်တောက်ခြင်း၊ တံတားကျိုးခြင်း၊ ရေတိုက်စား၍ ကမ်းပါးပြိုခြင်း စသည့်အရေးပေါ်အခြေအနေတွင် အချိန်ကန့်သတ်ချက်ရှိပြီး ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေ၊ အခြားတင်ဒါနည်းလမ်းများဖြင့် ဆောင်ရွက်ရန်မဖြစ်နိုင်သည့်အခြေအနေများကြောင့် ဆောင်ရွက်ရမည့် သီးခြားကိစ္စရပ်များ၊

( ဂ ) "အိတ်ဖွင့်တင်ဒါစနစ်" အသုံးပြုခြင်းဖြင့် သင့်လျော်သည့် အရည်အချင်းပြည့်မီသော တင်ဒါတင်သွင်းသူများ မရရှိနိုင်သည့်အခြေအနေ၊

(ဃ) အခြားတင်ဒါခေါ်ယူသောနည်းလမ်းဖြင့် ဆောင်ရွက်ပါက တင်ဒါခေါ်ယူရန် ကုန်ကျမည့်စရိတ်နှင့် အချိန်သည် တင်ဒါလုပ်ငန်းတန်ဖိုးထက် ကျော်လွန်နေသည့် အခြေအနေ။

**တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုခြင်း (Direct Contracting)**

၅၁။ တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုခြင်းသည် ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေသဖြင့် မလွှဲမရှောင်နိုင်သည့် အောက်ပါအခြေအနေများအတွက် ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အဆုံးအဖြတ်ရယူ၍ ဆောင်ရွက်ရမည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် ကြိုတင်မှန်းဆထားခြင်း မရှိသည့် အရေးပေါ်အခြေအနေများအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အလျင်အမြန်တုံ့ပြန်ရန်လိုအပ်နေခြင်းကြောင့် အခြားတင်ဒါနည်းလမ်းများဖြင့် ဆောင်ရွက်ရန် အချိန်မရနိုင်ခြင်း၊

( ခ ) ပဋိပက္ခအကျိုးဆက်ခံစားရသောဒေသများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် လွတ်လပ်စွာ တင်ဒါယှဉ်ပြိုင်ခေါ်ယူနိုင်မည့်အခြေအနေ မရှိခြင်း၊

( ဂ ) နိုင်ငံတော်၏အမျိုးသားလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များဖြစ်သည့် အထူးလုပ်ငန်းများဖြစ်သော လုံခြုံရေးဆိုင်ရာကန့်သတ်ချက်ရှိသည့် အချုပ်ခန်း၊ ဘဏ်၊ ငွေတိုက်၊ အကျဉ်းထောင်များ၊ နယ်စပ်ခြံစည်းရိုး၊ နယ်စပ်ကင်းစခန်းတည်ဆောက်ခြင်း၊ လုံခြုံရေးဆိုင်ရာကင်းလှည့်လမ်းများ တည်ဆောက်ခြင်း၊ ပြည်ပအခြေစိုက် နိုင်ငံတော်ပိုင်အဆောက်အဦများ တည်ဆောက်ခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အထူးလုပ်ငန်းများ တည်ဆောက်ခြင်း၊ ရှေးဟောင်းဒေသတူးဖော်ခြင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းလုပ်ငန်းများ၊

(ဃ) သတ်မှတ်ဘဏ္ဍာရေးကာလအတွင်း မမျှော်မှန်းနိုင်သည် အခြေအနေများကြောင့် စီမံကိန်းလုပ်ငန်းတစ်ခုလုံး မပြီးစီးသော်လည်း လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်ဖွယ်ရာရှိပါကလည်းကောင်း၊ ကျပ်သန်း (၁၀၀) အောက် ဖြည့်စွက်ရန်ပုံငွေဖြင့် မူလလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်ရမည့် ဆောင်ရွက်နေဆဲလုပ်ငန်းရှင်ကိုပင် နောက်ထပ်ဘဏ္ဍာရေးနှစ်အတွက် စိစစ်ခွင့်ပြုဆောင်ရွက်စေခြင်း၊

( င ) နောက်ထပ်ဘဏ္ဍာ ရန်ပုံငွေအရအသုံးဆိုင်ရာဥပဒေအရ ရရှိရန်ပုံငွေ (ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ) ဖြင့် ထပ်တိုးဆောင်ရွက်ရမည့် လုပ်ငန်းများသည် မူလလုပ်ငန်းနှင့် ဆက်စပ်မှုရှိပါက မူလတင်ဒါအောင်မြင်သူကို ဆက်လက်ဆောင်ရွက်စေခြင်း (မူလလုပ်ငန်းနှင့် ဆက်စပ်မှုမရှိပါက သီးခြားတင်ဒါခေါ်ယူရမည်။)၊

( စ ) ကန့်သတ်မှုမရှိသော တင်ဒါ သို့မဟုတ် ကန့်သတ်တင်ဒါနည်းလမ်းများဖြင့် တင်ဒါခေါ်ယူသော်လည်း တင်ဒါတင်သွင်းသူမရှိခြင်း၊

(ဆ) ဆောက်လုပ်ရေးအကြံပေး ဝန်ဆောင်မှုတစ်ဦးချင်း ငှားရမ်းခြင်းတွင် တာဝန်ကို ထမ်းဆောင်နိုင်မည့် အရည်အချင်းပြည့်ပညာရှင်တစ်ဦးတည်းသာရှိခြင်း (အခြားရွေးချယ်ရန်မရှိခြင်း)။

၅၂။ "တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုခြင်း" တွင် အောက်ပါအချက်များ ပါဝင်မှု ရှိ မရှိ စစ်ဆေးရမည်-

(က) တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့်အရည်အသွေး၊ ဈေးနှုန်း၊ ပြီးစီးရမည့် သတ်မှတ်ကာလ၊ နည်းပညာပိုင်းဆိုင်ရာအသေးစိတ်သတ်မှတ်ချက်များ၊ စာချုပ်တွင် ရေးသားချုပ်ဆိုရမည့် နှစ်ဦးနှစ်ဖက်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေဆိုင်ရာစည်းနှောင်မှုများ၊

( ခ ) တည်ဆောက်ရေးဆိုင်ရာဈေးနှုန်းများသည် သတ်မှတ်ဘဏ္ဍာရေး ခွင့်ပြုရန်ပုံငွေထက် ကျော်လွန်မှု ရှိ မရှိနှင့် ဘဏ္ဍာနှစ်ကျော်လွန်၍ ဆက်လက်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊

( ဂ ) သတ်မှတ်ဘဏ္ဍာရန်ပုံငွေထက် ကျော်လွန်နေပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်မှု အခြေအနေ။

၅၃။ ထိုသို့ တိုက်ရိုက်ကန်ထရိုက်ချုပ်ဆိုခြင်း လုပ်ငန်းများ ဆောင်ရွက်ရပါက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန ဝန်ကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က တာဝန်ယူ

ဆောင်ရွက်ရမည်ဖြစ်ပြီး တည်ဆောက်မည့်လုပ်ငန်းအမျိုးအစား၊ ခွင့်ပြုသည့်ဘဏ္ဍာရန်ပုံငွေပမာဏနှင့် တာဝန်ခံဆောင်ရွက်သူတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီအစီရင်ခံတင်ပြရမည်။

**တင်ဒါခေါ်ယူရာတွင်ကျင့်သုံးနိုင်သည့် ဈေးပြိုင်ခေါ်ယူမှုစနစ်များ (Bidding Process)**

၅၄။ မည်သည့်တင်ဒါနည်းလမ်းကို အသုံးပြုသည်ဖြစ်စေ တင်ဒါအဆိုပြုလွှာများ တင်သွင်းစေရန်နှင့် တင်ဒါအဆိုပြုလွှာများဖွင့်ဖောက်ရာတွင် အောက်ပါဈေးပြိုင်ခေါ်ယူမှုစနစ် တစ်မျိုးမျိုးကို အသုံးပြု၍ တင်ဒါများကိုစိစစ်ရွေးချယ်နိုင်သည်-

(က) အဆင့်တစ်ဆင့်-စာအိတ်တစ်အိတ် (One Step – One Envelope Process)၊

(ခ) အဆင့်တစ်ဆင့်-စာအိတ်နှစ်အိတ် (One Step – Two Envelope Process)၊

(ဂ) အဆင့်နှစ်ဆင့် (Two Stage Tender)။

၅၅။ **အဆင့်တစ်ဆင့်-စာအိတ်တစ်အိတ်စနစ်။** အဆင့်တစ်ဆင့် – စာအိတ်တစ်အိတ်စနစ်ကို အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းတွင် ဖော်ပြပါရှိသော ရိုးရှင်းလွယ်ကူသည့် ကျပ်သန်း ၁၀၀ နှင့်အောက် သာမန်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် စာအိတ်တစ်အိတ်စနစ်ကို အသုံးပြု၍ စိစစ်ရွေးချယ်နိုင်သည်။

၅၆။ အထက်အပိုဒ် ၅၅ ပါ နည်းလမ်းတွင် တင်ဒါတင်သွင်းသူများက နည်းပညာအဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာတို့ကို စာအိတ်ကြီးတစ်အိတ်တွင် အတူတကွထည့်သွင်း၍ တင်ဒါတင်သွင်းယှဉ်ပြိုင်ကြရမည်။ တင်ဒါဖွင့်ဖောက်ချိန်တွင် တင်ဒါအဆိုပြုလွှာများကိုပြိုင်တူဖွင့်ဖောက်၍ရလဒ်များကိုမှတ်တမ်းတင်ထားရမည်။ အရည်အချင်းပြည့်မီသူများအနက်မှ တင်ပြမှုအခြေအနေပြည့်စုံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူကို ရွေးချယ်ရမည်။

၅၇။ **အဆင့်တစ်ဆင့်စာအိတ်နှစ်အိတ်စနစ်။** အဆင့်တစ်ဆင့် – စာအိတ်နှစ်အိတ်စနစ်ကို အောက်ပါအခြေအနေများတွင် အသုံးပြုရမည်-

(က) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းတွင် ဖော်ပြပါရှိသော ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်းလုပ်ငန်းများ၊

(ခ) အရည်အသွေးကို ဦးစားပေးစဉ်းစားသည့် အကြံပေးဝန်ဆောင်မှုအဖွဲ့များ ငှားရမ်းခြင်း၊

(ဂ) နည်းပညာမြင့်မားပြီး လုပ်ငန်းပမာဏကြီးမားသည့်အတွက် တင်ဒါကို နိုင်ငံတကာမှ ဝင်ရောက်ယှဉ်ပြိုင်စေလိုခြင်း၊

(ဃ) တည်ဆောက်ရေးလုပ်ငန်း၏ အရည်အသွေး သို့မဟုတ် တင်ဒါယှဉ်ပြိုင်သူ၏ အရည်အချင်းသည် အထူးအရေးပါသည့်အခြေအနေဖြစ်ခြင်း။

၅၈။ အဆင့်တစ်ဆင့် – စာအိတ်နှစ်အိတ်စနစ်ကို အသုံးပြုပါက တင်ဒါယှဉ်ပြိုင်သူများအားလုံးသည် စာအိတ်နှစ်အိတ်ကို စာအိတ်ကြီးတစ်အိတ်တွင် ထည့်သွင်း၍ တင်ဒါတင်သွင်းရမည်။ စာအိတ်တစ်အိတ်တွင် တင်ဒါယှဉ်ပြိုင်သူ၏အရည်အချင်းများနှင့် နည်းပညာများ ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ကျန်စာအိတ်တွင် တင်ဒါဈေးနှုန်းတင်သွင်းရမည်။

၅၉။ တင်ဒါယှဉ်ပြိုင်သူများ၏ရှေ့မှောက်တွင် တင်ဒါအဆိုပြုလွှာစာအိတ်များကို ဖွင့်ဖောက်ရမည်။ တင်ဒါဈေးနှုန်းပါရှိသည့်စာအိတ်ကို မဖွင့်ဖောက်မီ၊ တင်ဒါယှဉ်ပြိုင်သူ၏ အရည်အချင်းများနှင့် နည်းပညာအဆိုပြုလွှာပါဝင်သည့်စာအိတ်ကို ဦးစွာဖွင့်ဖောက်ရမည်။ အနိမ့်ဆုံးသတ်မှတ်ချက်ပြည့်မီသည့် တင်ဒါအဆိုပြုလွှာများ၏ ဈေးနှုန်းစာအိတ်ကိုသာ ဆက်လက်ဖွင့်ဖောက်ရမည်ဖြစ်ပြီး၊ သတ်မှတ်ချက်မပြည့်မီသော တင်ဒါအဆိုပြုလွှာများ၏ ဈေးနှုန်းစာအိတ်ကို မဖွင့်ဖောက်ဘဲ တင်သွင်းသူထံသို့ ပြန်လည်ပေးပို့ရမည်။ အဆင့်တစ်ဆင့်ချင်းတွင် စာအိတ်တစ်အိတ်ချင်းစီ ဖွင့်ဖောက်မှုရလဒ်များကို မှတ်တမ်းတင်ရမည်။

**အဆင့်နှစ်ဆင့် တင်ဒါစနစ်ဖြင့်ရွေးချယ်ခြင်း (Two Stage Tender)**

၆၀။ အဆင့်နှစ်ဆင့်တင်ဒါစနစ်ကို အောက်ပါအခြေအနေများတွင် အသုံးပြုရမည်-

(က) တည်ဆောက်မည့် နည်းပညာမြင့်မားခြင်း၊ ဒီဇိုင်းပုံစံနှင့် အရည်အသွေး ကြိုတင်သတ်မှတ်ရန်ခက်ခဲခြင်း၊ စီမံကိန်းပမာဏကြီးမားကျယ်ပြန့်ခြင်း၊ တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၏ နည်းပညာဆိုင်ရာ (ဒီဇိုင်းပုံစံနှင့် အရည်အသွေး) သတ်မှတ်ချက်များ၊ စာချုပ်ဆိုင်ရာသီးခြားလိုအပ်ချက်များကို ကြိုတင်သတ်မှတ်ရန်မဖြစ်နိုင်ခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်း၏ ခက်ခဲရှုပ်ထွေးသောသဘာဝကြောင့် လုပ်ငန်းအပ်နှံသူသည် တင်ဒါတင်သွင်းသူနှင့် တင်ဒါခေါ်ယူသည့်ကိစ္စရပ်ပါ တည်ဆောက်ရေးအချက်အလက်များကို အသေးစိတ်တွက်ချက်ဖော်ပြရန်နှင့် ပြန်လည်ပြင်ဆင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရန် လိုအပ်ခြင်း။

၆၁။ အဆင့်နှစ်ဆင့်တင်ဒါစနစ်၌-

(က) ပထမအဆင့်တွင် တင်ဒါယှဉ်ပြိုင်သူ၏ အရည်အချင်းများနှင့် တည်ဆောက်မည့် နည်းပညာဆိုင်ရာ (ဒီဇိုင်းပုံစံနှင့် အရည်အသွေး) သတ်မှတ်ချက်များ ပါဝင်သည့် နည်းပညာအဆိုပြုလွှာကို ဦးစွာတင်သွင်းစေပြီး နည်းပညာစံချိန်စံညွှန်း ပြည့်မီသည့် တင်ဒါတင်သွင်းသူများကို စိစစ်ရွေးချယ်ရမည်၊

(ခ) ဒုတိယအဆင့်တွင် နည်းပညာသတ်မှတ်ချက် ပြည့်မီသူများကိုသာ ဆက်သွယ်၍ ဈေးနှုန်းအဆိုပြုလွှာကို တင်ဒါအာမခံကြေး (Tender Security) နှင့်အတူ တင်သွင်းစေရမည်၊

(ဂ) တင်ဒါဈေးနှုန်းယှဉ်ပြိုင်ချိန်တွင် (လိုအပ်ပါက) လုပ်ငန်းအပ်နှံသူသည် တည်ဆောက်ရေးအချက်အလက်များကို အသေးစိတ်တွက်ချက်ဖော်ပြရန်နှင့် ပြန်လည်ပြင်ဆင်နိုင်ရန် တင်ဒါတင်သွင်းသူများနှင့် ဆွေးနွေးညှိနှိုင်းနိုင်သည်၊

(ဃ) သတ်မှတ်သည့်အရည်အသွေး၊ စံချိန်စံညွှန်းနှင့် ဈေးနှုန်းအပေါ်စိစစ်၍ သင့်လျော်သည့် အဆိုပြုလွှာများကို Preferred Bid Tender အဖြစ် ရွေးချယ်ရမည်၊

(င) Preferred Bid Tender အဖြစ် ရွေးချယ်ရာတွင် အဆိုပြုလွှာတစ်ခုချင်းအလိုက် မည်သည့်အချက်၊ မည်သည့်အကြောင်းကြောင့် ရွေးချယ်ခြင်းဖြစ်သည်ကို မှတ်ချက်အပြည့်အစုံ ရေးသားမှတ်တမ်းတင်ရမည်။

၆၂။ အဆင့်တစ်ဆင့် - စာအိတ်နှစ်အိတ်စနစ်နှင့် အဆင့်နှစ်ဆင့် တင်ဒါစနစ် ရွေးချယ်ရာတွင်- ကျပ်သန်း ၃၀၀ နှင့်အောက် နည်းပညာအောင်မြင်သည့်အဖွဲ့များ၏ ဈေးနှုန်းအဆိုပြုလွှာအား ဖွင့်ဖောက်၍ ဈေးနှုန်းအနိမ့်ဆုံးတင်သွင်းသူကို ရွေးချယ်ရမည်။ ဈေးနှုန်းအနည်းဆုံး တင်ဒါကို ပယ်ခဲ့လျှင် မည်သည့်အချက်၊ မည်သည့်အကြောင်းကြောင့် ပယ်ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာတင်ဒါပေါ်တွင် မှတ်ချက်အပြည့်အစုံရေးသားမှတ်တမ်းတင်ထားရှိရမည်။

၆၃။ နိုင်ငံတကာဖိတ်ခေါ်တင်ဒါလုပ်ငန်းများ၊ နည်းပညာဆိုင်ရာအရေးကြီးသော တည်ဆောက်ရေးလုပ်ငန်းများ၊ ၁၀၀ ပေ (၃၀) မီတာ အထက်တံတားများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သောစက်ရုံ၊ ရေနံ/ဓာတုလုပ်ငန်းများ၊ မြစ်ကြမ်းပြင်တွင် ဆောင်ရွက်သည့်လုပ်ငန်းများ၊ လေယာဉ်ကွင်းများ၊ စတုရန်းမီတာ ၂၀၀၀ အထက်နှင့် ၅ ထပ်နှင့်-အထက် အထပ်မြင့်အဆောက်အဦများ၊ လုပ်ငန်းတန်ဖိုးကျပ်သန်း ၃၀၀ အထက်ရှိသောလမ်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သောစက်ရုံ၊ လျှပ်စစ်ဓာတ်အားလိုင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ ရေလမ်းထိန်းသိမ်းရေး၊ ဆိပ်ကမ်း၊ ဆည်မြောင်းနှင့် တာတမံလုပ်ငန်းများ၊ အကြီးစားလုပ်ငန်းများတွင်မူ - (အနည်းဆုံးဈေးနှုန်းကိုသာ ရွေးချယ်ရမည်မဟုတ်ဘဲ) နည်းပညာစံချိန်စံညွှန်းကိုက်ညီသော တင်ဒါတင်သွင်းသူများအနက်မှ (နည်းပညာရမှတ်နှင့် ဈေးနှုန်းရမှတ်) စုစုပေါင်းရမှတ်အများဆုံးရရှိသည့် တင်ဒါတင်သွင်းသူကို

ရွေးချယ်ရမည်။ ထိုသို့ အမှတ်ပေးရာတွင် နည်းပညာအရေးပါမှုအပေါ်မူတည်၍ နည်းပညာရမှတ်ကို (၇၀– ၅၀ မှတ်) အထိ ပေးနိုင်ပြီး ဈေးနှုန်းရမှတ်ကို (၃၀ – ၅၀ မှတ်) အထိပေးနိုင်ပါသည်။ သို့ရာတွင် အကြံပေးလုပ်ငန်းများအတွက် နည်းပညာရမှတ်ကို ၇၀% အောက်မလျော့နည်းစေသင့်သကဲ့သို့ ဈေးနှုန်းရမှတ်ကို ၃၀% ထက်မပိုသင့်ပါ။

**အခန်း (၁၁)**

**စံသတ်မှတ်ချက်များ**

**တင်ဒါယှဉ်ပြိုင်သူ၏အရည်အချင်းသတ်မှတ်ချက်များ (Eligibility and Qualification)**

၆၄။ တင်ဒါခေါ်ယူထားသည့် လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်ရန် တင်ဒါလျှောက်ထားလိုသူသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်–

(က) သက်ဆိုင်ရာလုပ်ငန်းအတွက် မြန်မာနိုင်ငံ၏ဥပဒေအရဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်တစ်ရပ်ရပ်၏ ဥပဒေ အရဖြစ်စေ တရားဝင်ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်၊

(ခ) နိုင်ငံတော်က သတ်မှတ်ထားသည့်အခွန်အခများ အပြေအကျေထမ်းဆောင်ပြီး ဖြစ်ရမည်၊

(ဂ) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ ဖြစ်ရမည်၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နာမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်းခံထားရသည့် ကုမ္ပဏီ သို့မဟုတ် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများချိုးဖောက်မှုကြောင့် အရေးယူခံထားရသည့် ကုမ္ပဏီ သို့မဟုတ် သက်ဆိုင်ရာဌာနများနှင့် ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်းချက်အရ စာချုပ်ပါ စည်းကမ်းချက်ဖောက်ဖျက်မှုကြောင့် နာမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်း ခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ အထူးသဖြင့် တည်ဆောက်ရေးဆိုင်ရာတင်ဒါများနှင့်စပ်လျဉ်း၍ နာမည်ပျက်စာရင်း ကြေညာခံထားရသည့်ကုမ္ပဏီ၏ အမည်စာရင်းတွင် ပါဝင်သည့်ဒါရိုက်တာများ၊ တာဝန်ခံအင်ဂျင်နီယာ အမည်များ ပါဝင်သည့် ကုမ္ပဏီမဖြစ်စေရ၊

(င) တင်ဒါစာချုပ်ချုပ်ဆိုရန် ဥပဒေကြောင်းအရ သတ်မှတ်အရည်အချင်းပြည့်မီသည့် ကုမ္ပဏီဖြစ်ပြီး တင်ဒါ အဆိုပြုလွှာတွင် လက်မှတ်ရေးထိုးတင်သွင်းသူသည် ကုမ္ပဏီကိုယ်စား လက်မှတ်ရေးထိုးပိုင်ခွင့်၊ စာချုပ် ချုပ်ဆိုပိုင်ခွင့်ရှိသူ ဖြစ်ရမည်၊

(စ) ကုမ္ပဏီနှင့် ကုမ္ပဏီတွင်ပါဝင်သူများသည် အဂတိလိုက်စားမှု၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ ကင်းရှင်းရမည်။

၆၅။ တင်ဒါခေါ်ယူထားသည့် လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်လိုသည့် ပြည်ပမှတင်ဒါတင်သွင်းသူများသည် အထက်အပိုဒ် ၆၄ ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ တင်ဒါတင်သွင်းနိုင်မည် ဖြစ်သည်။ တင်ဒါအောင်မြင်ပြီးနောက် တင်ဒါစာချုပ် လက်မှတ်မရေးထိုးမီ မြန်မာနိုင်ငံတွင် တည်ဆဲ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ နိုင်ငံခြားကုမ္ပဏီကို မှတ်ပုံတင်၍ မှတ်ပုံတင်လက်မှတ် လက်ဝယ်ရရှိထားပြီး ဖြစ်ရမည်။

၆၆။ တင်ဒါခေါ်ယူထားသည့်လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်ရန် တင်ဒါလျှောက်ထားလိုသူသည် အပိုဒ် ၆၄ နှင့် ၆၅ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး အဆိုပါ တင်ဒါလျှောက်ထားလိုသူသည် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် နိုင်ငံခြားသား ပါဝင်သော ဖက်စပ်ကုမ္ပဏီဖြစ်ပါက–

(က) ယင်းဖက်စပ်ကုမ္ပဏီတွင် ပါဝင်သော နိုင်ငံခြားအစုရှယ်ယာရှင်များနှင့် ပြည်တွင်းအစုရှယ်ယာရှင် အားလုံးသည် ပေးရန်တာဝန်အလုံးစုံကို ပူးပေါင်းတာဝန်ယူကြရမည်၊

( ခ ) ဖက်စပ်ကုမ္ပဏီသည် တင်ဒါလုပ်ငန်းစဉ်ဆောင်ရွက်ခြင်း၊ တင်ဒါစာချုပ် ချုပ်ဆိုခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်နေသည့်သက်တမ်းကာလတို့တွင်ဖက်စပ်ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်များအားလုံးကိုယ်စား လုပ်ငန်းကိစ္စရပ်များ အားလုံးကို ဆောင်ရွက်ရန် ကိုယ်စားလှယ်တစ်ဦးကို တရားဝင်သတ်မှတ်ထားရမည်။

၆၇။ တင်ဒါတင်သွင်းသူ၏ အရည်အချင်း စံချိန်စံနှုန်းများကို သတ်မှတ်ရာတွင် တင်ဒါလုပ်ငန်းသဘောတူစာချုပ်ကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့်နည်းပညာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ဒါရိုက်တာအဖွဲ့၊ အင်ဂျင်နီယာအဖွဲ့၏အရည်အချင်း၊ ကျွမ်းကျင်မှု၊ ဘဏ္ဍာရေးအရင်းအမြစ်၊ စက်ကိရိယာနှင့် လုပ်ငန်းပိုင်းဆိုင်ရာအခြားပစ္စည်းများ၊ စီမံခန့်ခွဲမှုစွမ်းရည်၊ တင်ဒါခေါ်ယူထားသည့် လုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းအတွေ့အကြုံ၊ လုံလောက်သည့်ဝန်ထမ်းအင်အား၊ လုံလောက်သည့် အသုံးပြုရမည့် စက်ယန္တရားပိုင်ဆိုင်မှုအခြေအနေနှင့် အခြားလုပ်ငန်း၊ အတွေ့အကြုံအစရှိသည့် အရည်အချင်းများအပေါ်တွင် အခြေခံရမည်။

**တင်ဒါယှဉ်ပြိုင်သူအား ထုတ်ပယ်ရမည့် အရည်အချင်းပျက်ယွင်းသည့်သတ်မှတ်ချက်များ (Disqualification)**

၆၈။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီအနေဖြင့် အောက်ပါအချက်များအနက် တစ်ချက်ချက်နှင့် ငြိစွန်းလျှင် တင်ဒါတင်သွင်းသည့်ကုမ္ပဏီကို ထုတ်ပယ်ရမည်-

(က) တည်ဆောက်ရေးဆိုင်ရာတင်ဒါများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအခွင့်အာဏာရှိသောဌာန၊ အဖွဲ့အစည်းမှ နာမည်ပျက်စာရင်း (Black List) ကြေညာခံထားရသည့် တင်ဒါကုမ္ပဏီ၊ အမည်စာရင်းတွင်ပါဝင်သည့် ဒါရိုက်တာများနှင့် တာဝန်ခံအင်ဂျင်နီယာအမည်များ ပါဝင်သည့် တင်ဒါတင်သွင်းသူကုမ္ပဏီဖြစ်ပြီး၊ သတ်မှတ်ပြစ်ဒဏ်ကာလအတွင်းဖြစ်ခြင်း၊

( ခ ) ကုမ္ပဏီသည် ဒေဝါလီခံရမည့်အခြေအနေနှင့် ရင်ဆိုင်နေရပြီး၊ ၎င်း၏ပိုင်ဆိုင်မှုများကို တရားရုံးက ဖွဲ့စည်းပေးထားသည့် ကော်မတီတစ်ခုက ထိန်းသိမ်းထားလျှင် သို့မဟုတ် ကုမ္ပဏီသည် ဒေဝါလီခံထားရပြီး၊ ၎င်း၏ကြွေးမြီများကို ဖြေရှင်းရန် တရားရုံးက ထုခွဲရောင်းချရေးကော်မတီ တစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးထားခြင်း သို့မဟုတ် ကုမ္ပဏီသည် ကြွေးရှင်များနှင့် ကြွေးမြီကိစ္စညှိနှိုင်းမှုများ ဆောင်ရွက်နေရလျှင် သို့မဟုတ် ကုမ္ပဏီသည် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ခုခုနှင့် ငြိစွန်းသည့် အလားတူအခြေအနေတစ်ရပ်နှင့်ရင်ဆိုင်နေရခြင်း၊

( ဂ ) ကုမ္ပဏီ/ တင်ဒါတင်သွင်းသူသည် လုပ်ငန်းကျင့်ဝတ်ဆိုင်ရာဖောက်ဖျက်မှုအရ တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရခြင်း (ဥပမာ - လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးခဝါချမှု၊ မလျော်ဩဇာသုံးမှု)၊

(ဃ) မြန်မာနိုင်ငံ သို့မဟုတ် သက်ဆိုင်ရာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ကောက်ခံသည့်အခွန်အခများ၊ လူမှုဖူလုံရေးစရိတ်များနှင့် အခြားစရိတ်များကို ထမ်းဆောင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

( င ) တင်ဒါတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ မသင့်လျော်သောအပြုအမူများ ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိခြင်း- ဥပမာအားဖြင့်-

(၁) တည်ဆောက်ရေးတင်ဒါခေါ်ယူမှုနှင့် သက်ဆိုင်သောစာရွက်စာတမ်းများ ပြင်ဆင်ရာတွင် ပါဝင်ပတ်သက်ခြင်း၊

(၂) တင်ဒါစာရွက်စာတမ်းများ ပြင်ဆင်မှုနှင့် တင်ဒါရွေးချယ်မှုတွင် ပါဝင်သော တာဝန်ရှိပုဂ္ဂိုလ်များထံမှ အကြံဉာဏ်၊ အကူအညီများရယူခြင်း၊

(၃) တင်ဒါအောင်မြင်ရေးအတွက် လာဘ်ပေးလာဘ်ယူပြုလုပ်ရန်ကမ်းလှမ်းခြင်း၊

(၄) စာချုပ်အကောင်အထည်ဖော်မှုကို လွှမ်းမိုးစေရန်ရည်ရွယ်၍ အချက်အလက်များ မမှန်မကန် လိမ်လည်ဖော်ပြခြင်း (Submission of False Information)၊

(၅) တင်ဒါစာရွက်စာတမ်း အချက်အလက်များအား ပူးပေါင်းလိမ်လည်ဖော်ပြခြင်း (Document Collusion)၊

(၆) တင်ဒါယှဉ်ပြိုင်သူများအချင်းချင်း မျှတစွာယှဉ်ပြိုင်မှုမပြုဘဲ ပူးပေါင်း၍ တစ်ဆင့်ခံကန်ထရိုက်ပြုလုပ်ခြင်း (Anti–Competitive Sub Contracting)၊

(၇) လွတ်လပ်၍ပွင့်လင်းမြင်သာသောယှဉ်ပြိုင်မှုကို သွေဖည်စေရန် ဈေးနှုန်းပြိုင်ဆိုင်ရာတွင် မဖြစ်နိုင်သော၊ သဘာဝမကျသော တင်ဒါဈေးနှုန်းသတ်မှတ်၍ တင်ဒါတင်သွင်းသူများအချင်းချင်း၊ တင်ဒါမသွင်းမီ သို့မဟုတ် တင်ဒါတင်သွင်းပြီးနောက် ပူးပေါင်းဆောင်ရွက်ခြင်း (Bid Rigging၊ Bid Suppression)၊

(၈) တင်ဒါတင်သွင်းသူများက တင်ဒါအား အလှည့်ကျအဆိုပြုတင်သွင်းခြင်း/အိတ်ဖွင့်တင်ဒါ ပါဝင်ယှဉ်ပြိုင်ရာတွင် အခြားတစ်ဦးတစ်ယောက်၏ အမည်ကိုအသုံးပြုခြင်း သို့မဟုတ် ၎င်း၏အမည်ကို အခြားတစ်ယောက်မှ အသုံးပြုရန်ခွင့်ပြုခြင်း (Bid Rotation)၊

(၉) တင်ဒါတင်သွင်းသူအချင်းချင်း ပူးပေါင်းကြံစည်၍ ဒေသပေါက်ဈေးကုန်ကျစရိတ်များ မမှန်မကန် တင်သွင်းကြခြင်းဖြင့် တင်ဒါဈေးနှုန်းများ မြင့်တက်စေခြင်း။

**အကျိုးစီးပွားပဋိပက္ခကင်းရှင်းကြောင်းထုတ်ဖော်ကြေညာခြင်း**

၆၉။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် ပြည်သူများအမြင်တွင် သံသယကင်းရှင်းစေရန်အလို့ငှာ တည်ဆောက်ခြင်းနှင့် အကြံပေးဝန်ဆောင်မှုရယူခြင်းများ ဆောင်ရွက်သည့်အခါ တင်ဒါအောင်မြင်သည့်လုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန အကြီးအမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် လူမှုရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ လုပ်ငန်းအရဖြစ်စေ ပတ်သက်ခြင်းကင်းရှင်းကြောင်း ထုတ်ဖော်ကြေညာရမည်။ အကယ်၍ အခြေအနေအကြောင်းကြောင်းကြောင့် ပတ်သက်ခြင်းရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

၇၀။ တင်ဒါရွေးချယ်မှုကို မလျော်ဩဇာသုံး၍ တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်းကို ရှောင်ရှားကာ တရားမျှတမှုရှိပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်ရမည်။

၇၁။ တင်ဒါဗဟိုကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးထိန်းချုပ်စစ်ဆေးရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီတွင် ပါဝင်သော ဌာနကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် တင်ဒါအဆိုပြုလွှာများကို စိစစ်အကဲဖြတ်ခြင်းမပြုမီ **အကျိုးစီးပွားပဋိပက္ခကင်းရှင်းကြောင်း ထုတ်ဖော်ကြေညာလွှာ** ကို လက်မှတ်ရေးထိုးကြေညာရမည်။

**အခန်း(၁၂)**

**တင်ဒါခေါ်ယူခြင်းလုပ်ငန်းစဉ်**

၇၂။ တင်ဒါခေါ်ယူရာတွင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်သည်အောက်ပါအတိုင်း ဖြစ်သည်–

(က) ကနဦးအဆင့်အရည်အချင်းသတ်မှတ်ခြင်း(Pre–Qualification)၊

( ခ ) တင်ဒါခေါ်ယူရာတွင်ကြိုတင်ပြင်ဆင်ခြင်း၊

( ဂ ) တင်ဒါစာရွက်စာတမ်းအချက်အလက်များပြင်ဆင်ခြင်း၊

(ဃ) တင်ဒါယှဉ်ပြိုင်သူအတွက်ညွှန်ကြားချက်များသတ်မှတ်ခြင်း၊

( င ) တင်ဒါပုံစံဈေးနှုန်းနှင့် တင်ဒါအာမခံကြေးသတ်မှတ်ခြင်း၊

( စ ) တင်ဒါခေါ်ယူရန်အသိပေးအကြောင်းကြားခြင်းနှင့်ကြော်ငြာခြင်း၊

(ဆ) တင်ဒါတင်သွင်းရက်မတိုင်မီတင်ဒါဆိုင်ရာအချက်အလက်များကြိုတင် ရှင်းလင်းခြင်း၊ (လိုအပ်ပါက)

(ဇ) တင်ဒါတင်သွင်းခြင်း၊
(ဈ) တင်သွင်းလာသည့်တင်ဒါများကိုကနဦးစစ်ဆေးခြင်း၊
(ည) တင်ဒါများကိုအသေးစိတ်စိစစ်အကဲဖြတ်ခြင်း၊
(ဋ) နည်းပညာအဆိုပြုလွှာဖွင့်ဖောက်စိစစ်အကဲဖြတ်ခြင်း၊
(ဌ) နည်းပညာအဆိုပြုလွှာအောင်မြင်သူများကိုကြေညာခြင်း၊
(ဍ) ဈေးနှုန်းအဆိုပြုလွှာ ဖွင့်ဖောက်စိစစ်ခြင်း၊
(ဎ) တင်ဒါအောင်မြင်သူရွေးချယ်ကြေညာခြင်း၊
(ဏ) တင်ဒါအားငြင်းပယ်ခြင်း/ဖျက်သိမ်းခြင်း၊
(တ) တိုင်ကြားမှုကိုဖြေရှင်းခြင်း။

**ကနဦးအဆင့်အရည်အချင်းသတ်မှတ်ခြင်း၊(Pre-Qualification)**

၇၃။ နည်းပညာမြင့်မားခြင်း၊ လုပ်ငန်းပမာဏကြီးမားခြင်းနှင့် လုပ်ငန်းသဘော ရှုပ်ထွေးကျယ်ပြန့်ခြင်း ရှိသော တည်ဆောက်ရေးတင်ဒါများဖြစ်သည့် နိုင်ငံတကာဖိတ်ခေါ်တင်ဒါလုပ်ငန်းများ၊ နည်းပညာဆိုင်ရာ အရေးကြီးသော ၆၀၀ ပေ (၁၈၃ မီတာ) အထက် တံတားများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သောစက်ရုံ၊ ရေနံနှင့်ဓာတုလုပ်ငန်းများ၊ မြစ်ကြမ်းပြင်တွင် ဆောင်ရွက်သည့်လုပ်ငန်းများ၊ လေယာဉ်ကွင်းများ၊ စတုရန်း မီတာ ၂၀၀၀ အထက်နှင့် ၈ထပ် အထက် အထပ်မြင့်အဆောက်အအုံများ၊ စတုရန်းမီတာ ၄၀၀၀ အထက် စက်ရုံ၊ အလုပ်ရုံများ၊ ကျပ်သန်း ၂၀၀၀ အထက်ကုန်ကျမည့်လမ်းဖောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလိုင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ ရေလမ်းထိန်းသိမ်းရေး၊ဆိပ်ကမ်း၊ဆည်မြောင်းနှင့်တာတမံလုပ်ငန်းများ၊ အသင့်လွှဲပြောင်း လုပ်ကိုင်နိုင်သော စီမံကိန်းကြီးများစသည့် စီမံကိန်းကြီးများနှင့် အကြံပေးလုပ်ငန်းများအတွက် ကနဦးအဆင့် အရည်အချင်းသတ်မှတ်ခြင်း (Pre-Qualification) ကို ဆောင်ရွက်ရမည်။

၇၄။ ကနဦးအဆင့်အရည်အချင်း သတ်မှတ်ခြင်းကို ဆောင်ရွက်ရာတွင် စိတ်ဝင်စားမှု အဆိုပြုလွှာ တောင်းခံခြင်း (Request for Expression of Interest – EOI) သို့မဟုတ် အဆိုပြုလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း (Request for Proposal-RFP) သို့မဟုတ် ကနဦး အဆင့် အရည်အချင်းသတ်မှတ်ခြင်းအတွက် ဖိတ်ခေါ်ခြင်း (Invitation for prequalification – IFP) တစ်ခုခုကို ပွင့်လင်းမြင်သာစွာခေါ်ယူရမည်။ EOI ၊ RFP ၊ IFP ခေါ်ယူရာတွင်အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့ (Consultant) သို့မဟုတ် လုပ်ငန်း ဆောင်ရွက်လိုသည့်ဌာနအဖွဲ့အစည်းက ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်းသည့်အချက်အလက်များ၊ ရွေးချယ်မှု ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ၊ တင်ဒါယှဉ်ပြိုင်သူ၏ နည်းပညာလိုအပ်ချက်၊ ငွေကြေးအခြေအနေ၊ လုပ်ငန်းအတွေ့အကြုံ သတ်မှတ်ချက်များကို ပြည့်စုံရှင်းလင်းစွာ ပြစုဖော်ပြရမည်။

၇၅။ ဆန်ခါတင်ရွေးချယ်ခြင်း (Initial Short listing) ဆောင်ရွက်ရာတွင် တင်ဒါယှဉ်ပြိုင်သူ၏ အရည်အချင်း သတ်မှတ်ချက်များနှင့် တင်ဒါယှဉ်ပြိုင်သူအား ထုတ်ပယ်ရမည့်စည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသည့်အချက်များကို အခြေခံ၍ တင်ဒါယှဉ်ပြိုင်သူကို စိစစ် ရွေးချယ်ရမည်။ လျှောက်ထားသည့် အဖွဲ့အစည်းများအနက်မှ ကနဦးအရည်အချင်းစစ်ဆေးမှုတွင် အမှတ်အများဆုံး (၄) ဖွဲ့မှ (၁၀) ဖွဲ့ခန့်ကို ဆန်ခါတင်ရွေးချယ်ခြင်း၊ ဆန်ခါတင်ရွေးချယ်ခံထားရသောအဖွဲ့များကို တင်ဒါအဆိုပြုလွှာတောင်းခံခြင်း (Invitation for Bid) တို့ကို ဆက်လက်ဆောင်ရွက်ရမည်။

**တင်ဒါခေါ်ယူရာတွင်ကြိုတင်ပြင်ဆင်ခြင်း**

၇၆။ တင်ဒါခေါ်ယူ၍ဆောင်ရွက်ရန် သတ်မှတ်ပြီးသောလုပ်ငန်းများအတွက်-

(က) လုပ်ငန်းဆောင်ရွက်ခွင့်စာရင်း (Work Authority) နှင့်ပုံစံဒီဇိုင်းများခန့်မှန်းခြေ စာရင်းများအပေါ် သက်ဆိုင်ရာအာဏာပိုင်များက ကျွမ်းကျင်မှုဆိုင်ရာခွင့်ပြုမိန့်နှင့် ဘဏ္ဍာရေးခွင့်ပြုချက်ချမှတ်ပေးပြီး ဖြစ်ရမည်၊

(ခ) ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်ရမည်။

**တင်ဒါစာရွက်စာတမ်းအချက်အလက်များပြင်ဆင်ခြင်း(Preparing Tender Documents)**

၇၇။ တင်ဒါဖိတ်ခေါ်ရန် တင်ဒါစာရွက်စာတမ်းများကို အပြီးသတ်ပြင်ဆင်ပြီး တင်ဒါဗဟိုကော်မတီသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။ တင်ဒါစာရွက်စာတမ်းတွင် အောက်ပါသတင်းအချက်အလက်များပါဝင်ရမည်-

(က) တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း၊

( ခ ) တင်ဒါတင်သွင်းရန်ပုံစံ၊

( ဂ ) တင်ဒါလုပ်ငန်းနှင့်ပတ်သက်သည့်ပုံစံဒီဇိုင်းနှင့်စံချိန်စံညွှန်းသတ်မှတ်ချက်များ၊

(ဃ) ခန့်မှန်းခြေစာရင်းပါ ပစ္စည်း၊ လုပ်အားလိုအပ်ချက်(BQ)၊

( င ) တင်ဒါယှဉ်ပြိုင်သူအတွက် ညွှန်ကြားချက်များ၊

( စ ) တင်ဒါယှဉ်ပြိုင်သူ၏အရည်အချင်း သတ်မှတ်ချက်များနှင့် စိစစ်အကဲဖြတ်မည့် စံနှုန်းများ၊

(ဆ) တင်ဒါအခြေအနေများ၊ ကန်ထရိုက်စာချုပ်နှင့်ပတ်သက်၍ ဖော်ပြချက် (Condition of Contract)၊

( ဇ ) တင်ဒါတင်သွင်းရမည့်နည်းလမ်း၊

(ဈ) တင်ဒါတင်သွင်းရမည့်နေရာ၊

(ည) တင်ဒါပိတ်ရက်သတ်မှတ်ခြင်း၊ (နည်းပညာလိုအပ်ချက်နှင့် အခြားခက်ခဲမှုအခြေအနေများအပေါ်မူတည်ပြီး တင်ဒါတင်သွင်းသူအတွက် လုံလောက်သောပြင်ဆင်ချိန် ရရှိစေရန်အခြေခံထား သတ်မှတ်ရမည်။)

( ဋ ) တင်ဒါဖွင့်လှစ်မည့်နေ့ရက် သတ်မှတ်ခြင်း၊ (ထိရောက်သော စိစစ်ရွေးချယ်ရေးအတွက် လုံလောက်သော အချိန်ရှိရမည်ဖြစ်ပြီး နည်းပညာမြင့်မားခြင်း၊ လုပ်ငန်းပမာဏကြီးမားခြင်းစသည့် စီမံကိန်းလုပ်ငန်းများမှအပ တင်ဒါများအတွက် တင်ဒါကာလသည် ရက်ပေါင်း ၉၀ ထက် မကျော်စေရ။)

( ဌ ) တင်ဒါပုံစံနှင့်အတူပေးသွင်းရမည့်တင်ဒါအာမခံကြေး (Tender Security) နှင့် အောင်မြင်သော တင်ဒါအတွက် ပေးသွင်းရမည့်လုပ်ငန်းအာမခံကြေး (Performance Guarantee) သတ်မှတ်ခြင်း။

**တင်ဒါယှဉ်ပြိုင်သူအတွက်ညွှန်ကြားချက်များသတ်မှတ်ခြင်း**

၇၈။ တင်ဒါယှဉ်ပြိုင်သူများသည် လုပ်ငန်းလိုအပ်ချက်အလိုက် အောက်ပါ အထောက်အထားများကို တင်ဒါစာရွက်စာတမ်းတွင် ပူးတွဲတင်ပြရမည်-

(က) ကုမ္ပဏီမှတ်ပုံတင်နှင့်တာဝန်ယူလုပ်ကိုင်သည့် ဒါရိုက်တာများ၏အမည်စာရင်းနှင့် အရည်အချင်း (ပြည်ပမှတင်ဒါတင်သွင်းသူများသည် အခန်း (၁၁) တွင် ဖော်ပြပါရှိသည့် တင်ဒါယှဉ်ပြိုင်သူ၏ အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီစေရမည်။)

( ခ ) ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပေးသော တည်ဆောက်ရေးလုပ်ငန်း ကုမ္ပဏီအသိအမှတ်ပြုလက်မှတ်၊

( ဂ ) တည်ဆောက်ရေးလုပ်ငန်းစီမံခန့်ခွဲမည့်သူ (Project Manager) ၏ အမည်နှင့် အရည်အချင်း၊

(ဃ) တာဝန်ခံအင်ဂျင်နီယာအမည်နှင့်အင်ဂျင်နီယာမှတ်ပုံတင်နံပါတ် (PE၊RSE၊RE)၊တာဝန်ခံအင်ဂျင်နီယာသည် ကုမ္ပဏီဝန်ထမ်း သို့မဟုတ် လုပ်ငန်းအတွက် တာဝန်ယူဆောင်ရွက်ရန် သဘောတူချုပ်ဆိုထားသည့် စာချုပ်အထောက်အထား၊

( င ) ပြီးခဲ့သည့် ၃ နှစ် ကာလအတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်းများ (Financial Statements)၊ (မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော အများ ပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူတစ်ဦး သို့မဟုတ် အဖွဲ့က စစ်ဆေးအတည်ပြုထားပြီးဖြစ်ရမည် ။)

( စ ) ပြီးခဲ့သည့် ၃ နှစ် ကာလအတွင်း ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် စသည့်အခွန်အခများ ထမ်းဆောင်ထားသည့် အထောက်အထားများနှင့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာဘဏ်က အတည်ပြုလက်မှတ် ရေးထိုးထားသည့် တင်ဒါယှဉ်ပြိုင်သော ကုမ္ပဏီ၏ ဘဏ်ရှိငွေကြေးအင်အား (Bank Statement)၊

( ဇ ) တင်ဒါယှဉ်ပြိုင်သောကုမ္ပဏီမှ ပြီးခဲ့သည့် ၃ နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် တည်ဆောက်ရေး လုပ်ငန်းများ၏လုပ်ငန်းတန်ဖိုးစုစုပေါင်း၊

(ဈ) ပြီးခဲ့သည့် (၃) နှစ်ကာလအတွင်း အလားတူ တည်ဆောက်ရေးလုပ်ငန်း အတွေ့အကြုံ အထောက်အထား (Track Record) [လုပ်ငန်းစာချုပ်၊ လုပ်ငန်းပြီးစီးကြောင်း ထောက်ခံချက်(Completion Certificate)၊ မှတ်တမ်းဓာတ်ပုံ]၊

(ည) လုပ်ငန်းနှင့်သက်ဆိုင်သော စက်ယာဉ်ယန္တရားများ အသုံးပြုနိုင်မှု အခြေအနေ (လိုအပ်လျှင်)၊

(ဋ) တင်ဒါယှဉ်ပြိုင်မည့်လုပ်ငန်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းအစီအစဉ်(Work Program)၊ ဆောင်ရွက်မည့် နည်းလမ်း (Method Statement)၊ ပြုပြင်ထိန်းသိမ်းမည့် အစီအစဉ် (Maintenance Plan) နှင့် ပမာဏ ကြီးမားသော လုပ်ငန်းဖြစ်ပါက ငွေကြေးစီမံချက်(Financial Plan)၊ ပစ္စည်းစီမံချက် (Material Plan)၊

(ဌ) ကုမ္ပဏီအနေဖြင့်ရရှိထားသော ISO အသိအမှတ်ပြုလက်မှတ်၊ Health, Safety & Environment နှင့်စပ်လျဉ်း၍ အသိအမှတ်ပြုလက်မှတ် (HSE) (ရှိလျှင်တင်ပြရန်)။

၇၉။ အသင့်လွဲပြောင်းလုပ်ကိုင်နိုင်သောစီမံကိန်း (ဆည်မြောင်း၊လျှပ်စစ်၊စက်မှုလုပ်ငန်းစသည်) များအတွက် အောက်ပါအချက်များတင်ပြရန် တင်ဒါစာရွက်စာတမ်းတွင်ဖော်ပြရမည်-

(က) စီမံကိန်းပြီးမြောက်မည့်ကာလ၊

(ခ) သက်တမ်းတစ်လျှောက် စုစုပေါင်းကုန်ကျစရိတ် (Life-Cycle Operating Costing)၊

(ဂ) ဆောက်လုပ်ပြီးနောက်ပိုင်း ဝန်ဆောင်မှုများနှင့်နည်းပညာပံ့ပိုးမှုများ၊

(ဃ) အရန်ပစ္စည်းများရရှိနိုင်မှု၊

(င) ငွေပေးချေမှု၊

(စ) ထုတ်လုပ်သည့်နိုင်ငံ၊ တင်ပို့သည့်ဆိပ်ကမ်း (ပြည်ပမှတင်သွင်းသည့် စက်ယာဉ်/ယန္တရားနှင့်ပစ္စည်း အသစ်များဝယ်ယူရာတွင် ထုတ်လုပ်သည့် နိုင်ငံအလိုက်သာလျှင် ဈေးနှုန်းယှဉ်ပြိုင်စေရမည်)၊

(ဆ) အသုံးပြုနိုင်မည့်ပစ္စည်း၏ သက်တမ်း၊

(ဇ) Net Present Value (NPV) တွက်ချက်ရန် တန်ဖိုးလျော့ရာခိုင်နှုန်း (Discount Rate%) ကို စီမံကိန်း စိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် စီမံကိန်းစိစစ်ခြင်းဆိုင်ရာနည်း လမ်းများနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း လုပ်ငန်းလမ်းညွှန်ချက်တွင် ပါရှိသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်၊

(ဈ) တွက်ချက်ပုံနည်းလမ်းများနှင့်တကွ ဖော်ပြသည့် လည်ပတ်စရိတ်၊ ပြုပြင်ထိန်းသိမ်းစရိတ်နှင့် (သက်တမ်းကုန်ဆုံးချိန်တွင်) စွန့်ပစ်စရိတ်များ။

၈၀။ လုပ်ငန်းအပ်နှံမည့်ဌာနသည် တင်ဒါစာရွက်စာတမ်းများကို လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံး ရက်မတိုင်မီ မဖြစ်မနေပြင်ဆင်ရန် လိုအပ်ကြောင်းတွေ့ရှိရပါက စာရွက်စာတမ်းများကို ဝယ်ယူထားသည့် တင်ဒါယှဉ်ပြိုင်သူများအားလုံးကို ဆက်သွယ်အကြောင်းကြားရမည်။ ပြင်ဆင်ရသည့်အကြောင်းအရာ၏ အရေးပါမှုအပေါ်မူတည်၍ လျှောက်ထားသူများကို ပြင်ဆင်ချိန်လုံလောက်စွာပေးနိုင်ရန် လျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်ကို ရွှေ့ဆိုင်းပေးနိုင်သည်။

**တင်ဒါပုံစံဈေးနှုန်းနှင့် တင်ဒါအာမခံကြေးသတ်မှတ်ခြင်း**

၈၁။ တင်ဒါပုံစံများကိုရောင်းချရာတွင်တင်ဒါခေါ်ယူသောလုပ်ငန်းတန်ဖိုး၏ ၀.၀၁ ရာခိုင်နှုန်း(နီးစပ်ရာကိန်းပြည့်) ကို တင်ဒါပုံစံအတွက်ကျသင့်သောတန်ဖိုးအဖြစ် သတ်မှတ်ဆောင်ရွက်ရမည်။ တင်ဒါပုံစံရောင်းချရငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သက်ဆိုင်ရာဌာန၏ ရငွေစာရင်းတွင် ထည့်သွင်းဖော်ပြရမည်။ တင်ဒါပုံစံ ဆောင်ရွက်ခြင်းနှင့်အခြားစရိတ်အတွက် ကုန်ကျစရိတ်များကို ခုနှိမ်ပေးသွင်းခြင်းမျိုးမပြုလုပ်ရ။

၈၂။ တင်ဒါအာမခံကြေး (Tender Security) အဖြစ် လုပ်ငန်းတန်ဖိုး၏ ၁ ရာခိုင်နှုန်း (နီးစပ်ရာကိန်းပြည့်) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခု၏ ငွေပေးအမိန့် (Payment Order Cheque) ဖြင့်ပေးသွင်းရမည်။

**တင်ဒါခေါ်ယူရန် အသိပေးအကြောင်းကြားခြင်းနှင့်ကြော်ငြာခြင်း**

၈၃။ တင်ဒါခေါ်ယူရန်အောက်ပါအတိုင်း အသိပေးကြေညာရမည်-

(က) **အိတ်ဖွင့်တင်ဒါအတွက်ဖြစ်ပါက**

(၁) **ကျပ် ၁၀ သန်း မှ ကျပ် သန်း ၁၀၀ အထိ တည်ဆောက်ရေးလုပ်ငန်းများ။** သက်ဆိုင်ရာဌာန အဖွဲ့အစည်း၏ကြော်ငြာသင်ပုန်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတို့တွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ၁၄ ရက် ကြိုတင်၍ သိသာထင်ရှားစွာကြေညာရမည်၊

(၂) **ကျပ် သန်း ၁၀၀ အထက် တည်ဆောက်ခြင်းလုပ်ငန်းများ။** တည်ဆောက်မည့် လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြလျက် အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်ပေါင်း ၃၀ ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် တင်ဒါကြော်ငြာခေါ်ယူရမည်။ တစ်ချိန်တည်းတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ Website တွင်လည်း အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်ကြေညာရမည်၊

(၃) နိုင်ငံခြားဘာသာဖြင့် ကြေညာရန်လိုအပ်ပါက မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေသော နိုင်ငံပိုင်သတင်းစာ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေသောနိုင်ငံပိုင်သတင်းစာများ၊ ဝန်ကြီးဌာန website တွင် ရက်၄၀ ကြိုတင်၍အသိပေးကြေညာပြီး မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားသံရုံးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အကြောင်းကြားရမည်။ UN Publications၊ Development Business ကဲ့သို့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေသော နိုင်ငံခြားသတင်းစာများတွင်လည်း အသိပေးကြေညာနိုင်သည်။

( ခ ) ကန့်သတ်တင်ဒါခေါ်ယူရာတွင် တင်ဒါဗဟိုကော်မတီက သင့်လျော်သည်ဟု ယူဆသော တင်ဒါ ယှဉ်ပြိုင်သူများထံသို့ တင်ဒါအဆိုပြုလွှာပေးပို့ရန် ၂၁ ရက် ကြိုတင်၍ အသိပေးအကြောင်းကြားရမည်၊

( ဂ ) တင်ဒါကြေညာရာတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) လုပ်ငန်းအမည်နှင့်လုပ်ငန်းတည်နေရာ၊

(၂) တင်ဒါတင်သွင်းရမည့်ရုံးလိပ်စာနှင့်လိပ်မူရမည့်ပုဂ္ဂိုလ်၊

(၃) တင်ဒါပုံစံများကိုစတင်ဝယ်ယူနိုင်သည့်နေ့ရက်နှင့်တန်ဖိုး၊

(၄) တင်ဒါများနောက်ဆုံးတင်သွင်းရန်နေ့ရက်နှင့် အချိန်နာရီ၊

(၅) တင်ဒါဖွင့်မည့်နေ့ရက် ၊

(၆) အသေးစိတ်အချက်အလက်များကိုရုံးချိန်တွင်သက်ဆိုင်ရာရုံးသို့လာရောက်စုံစမ်းနိုင်ကြောင်း။

**တင်ဒါတင်သွင်းရက်မတိုင်မီတင်ဒါဆိုင်ရာအချက်အလက်များကြိုတင်ရှင်းလင်းခြင်း**

**(Pre-Tender Meeting)**

၈၄။ နည်းပညာမြင့်မားပြီး လုပ်ငန်းပမာဏကြီးမားသည့် တည်ဆောက်ရေးတင်ဒါများတွင် တင်ဒါယှဉ်ပြိုင်သူများ၏ အခက်အခဲများကို ကြိုတင်သိရှိနိုင်ရန်နှင့် တင်ဒါစာရွက်စာတမ်းပါ အချက်အလက်များကို အသေးစိတ်မှန်ကန်စွာ နားလည်သဘောပေါက်စေရန် တင်ဒါမတင်သွင်းမီ အကြိုရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်နိုင်သည်။

**တင်ဒါတင်သွင်းခြင်း (Tender Submission)**

၈၅။ တင်ဒါတင်သွင်းသူသည်-

(က) တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် နည်းလမ်း၊ နေရာနှင့် နေ့ရက်များအတိုင်းတင်ဒါကို တင်သွင်းရမည်၊

( ခ ) တင်ဒါများကိုစာဖြင့်ရေးသား၍ စာအိတ်ပိတ်တင်သွင်းရမည်၊

( ဂ ) တင်ဒါတင်သွင်းရာတွင် တင်ဒါယှဉ်ပြိုင်ရန် ပေးသွင်းရမည့်လုပ်ငန်းတန်ဖိုး၏ (၁ ရာခိုင်နှုန်း) ကို တင်ဒါ အာမခံကြေး (Tender Security) အဖြစ်ပေးသွင်းပြီးကြောင်း တင်ပြရမည်၊

(ဃ) ဈေးနှုန်းအဆိုပြုလွှာ တောင်းခံခြင်းနှင့် တိုက်ရိုက်ကန်ထရိုက် ချုပ်ဆိုခြင်းများအတွက် တင်ဒါအာမခံကြေး (Tender Security) မလိုအပ်ပါ။

၈၆။ တင်ဒါသတ်မှတ်ကာလ ကျော်လွန်မှတင်သွင်းလာသည့် တင်ဒါများကို ဖွင့်ဖောက်ခြင်း မပြုဘဲ ပြန်လည်ပေးပို့ရမည်။

**တင်သွင်းလာသည့်တင်ဒါများကို ကနဦးစစ်ဆေးခြင်း(Preliminary Examination of Tenders)**

၈၇။ တင်သွင်းလာသည့် တင်ဒါလျှောက်လွှာများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီက အောက်ပါ ကနဦးစစ်ဆေးမှုများ ဆောင်ရွက်ရမည်-

(က) စာရွက်စာတမ်းများပြည့်စုံမှု ရှိ မရှိ၊

( ခ ) တင်ဒါအာမခံကြေး (Tender Security) ပေးဆောင်ရန် လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ၊

( ဂ ) တင်ဒါတင်သွင်းသူများအတွက် ဥပဒေကြောင်းအရ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊

(ဃ) တင်ဒါခေါ်ယူစဉ်က ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ၊

( င ) တင်ဒါတင်သွင်းသည့်ကုမ္ပဏီသည် အမည်ပျက်စာရင်းတွင် ပါဝင်ခြင်း ရှိ မရှိ ။

**တင်ဒါများကိုအသေးစိတ်စိစစ်အကဲဖြတ်ခြင်း (Detailed Evaluation of Tenders)**

၈၈။ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသည် တင်ဒါတင်သွင်းသူများက တင်ပြလာသော အချက် အလက်များကို တင်ဒါခေါ်ယူစဉ်က ကြေညာထားသည့် စိစစ်အကဲဖြတ်မှုသတ်မှတ်ချက်များဖြင့် အသေးစိတ် စိစစ်အကဲဖြတ်ရမည်။

၈၉။ အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သောစီမံကိန်း (ဆည်မြောင်း၊ လျှပ်စစ်၊ စက်မှုလုပ်ငန်းစသည်) များတွင် သက်တမ်းတစ်လျှောက် ကုန်ကျမည့်လည်ပတ်စရိတ်နှင့် ပြုပြင်ထိန်းသိမ်းစရိတ်များ (Operation and Maintenance Costs) သည် ကနဦးတည်ဆောက်ဝယ်ယူမှု ကုန်ကျစရိတ် (Initial Cost) နှင့်နှိုင်းယှဉ်ပါက သိသာစွာများပြားလျှင် “ပစ္စည်းသက်တမ်းတစ်လျှောက် စုစုပေါင်း ကုန်ကျစရိတ်တွက်ချက်မှုနည်းလမ်း (Life-Cycle Costing)” ကိုအသုံးပြုနိုင်သည်။ ၎င်းကို Net Present Value (NPV) အပေါ် အခြေခံ၍စိစစ် အကဲဖြတ်ရမည်။

**နည်းပညာအဆိုပြုလွှာဖွင့်ဖောက်စိစစ်အကဲဖြတ်ခြင်း**

၉၀။ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသည် တင်ဒါတင်သွင်းလာသည့်ကုမ္ပဏီ၏ အရည်အချင်းနှင့် နည်းပညာဆိုင်ရာအရည်အသွေး အထောက်အထားများကို တင်ဒါခေါ်ယူစဉ်က ဖော်ပြထားသည့် တင်ဒါ လျှောက်လွှာတွင်ပါဝင်ရမည့်အချက်များနှင့်တိုက်ဆိုင်စစ်ဆေးရမည်။

၉၁။ တင်ဒါဗဟိုကော်မတီသည် နည်းပညာအဆိုပြုလွှာများကို စိစစ်နိုင်ရေးအတွက် လုပ်ငန်းသဘာဝ အပေါ်မူတည်၍ အမှတ်ပေးစည်းမျဉ်းကို သတ်မှတ်နိုင်သည်။

၉၂။ ဒေသအတွင်းရှိ အသေးစားနှင့် အလတ်စားဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်စေရန် လုပ်ငန်းပမာဏသေးငယ်ပြီး၊ ရိုးရှင်းလွယ်ကူသော တည်ဆောက်မှုလုပ်ငန်းများတွင် တင်ဒါတင်သွင်းသူ၏ ဘဏ္ဍာရေးအခြေအနေနှင့် အလားတူလုပ်ငန်းအတွေ့အကြုံ လိုအပ်ချက်အမှတ်များကို အတိုးအလျှော့ သတ်မှတ်နိုင်သည်။ ထိုနည်းတူစွာ တည်ဆောက်မှုလုပ်ငန်းခွင်တွင် စက်ယာဉ်အသုံးပြုရန် လိုအပ်ချက်အပေါ် မူတည်၍ စက်ယာဉ်အသုံးပြုမှု အမှတ်များကို အတိုးအလျှော့သတ်မှတ်နိုင်သည်။

၉၃။ လုပ်ငန်းပမာဏကြီးမားသော လုပ်ငန်းကြီးများတွင် ဆန်ခါတင်အဆင့် ရွေးချယ်ထားသောလုပ်ငန်း အဆိုပြုလွှာများ၏ မှန်ကန်ခိုင်မာမှုကို စိစစ်နိုင်ရန်နှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းကို စစ်ဆေးနိုင်ရန် လူတွေ့စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်နိုင်သည်။

၉၄။ စိစစ်အကဲဖြတ်မှုအဆင့်ဆင့်တွင် အဆိုပြုလွှာသည် အခန်း (၁၁)၊ အပိုဒ် **(၆၄၊၆၅၊၆၆၊၆၇)** ပါ သတ်မှတ်ချက်တစ်ချက်ချက်နှင့် မညီညွတ်လျှင်ဖြစ်စေ အပိုဒ် **၆၈** ပါ အချက်တစ်ချက်ချက်နှင့်ငြိစွန်းကြောင်း တွေ့ရှိလျှင်ဖြစ်စေ တင်ဒါယှဉ်ပြိုင်သူကိုထုတ်ပယ်ရမည်။

**ဦးစားပေးသတ်မှတ်ခံရသည့်တင်ဒါယှဉ်ပြိုင်သူများ**

၉၅။ လုပ်ငန်းလိုအပ်ချက်အရ ဦးစားပေးသတ်မှတ်မည့် ကုန်ကြမ်းပစ္စည်းအမျိုးအစားနှင့် ဦးစားပေးမည့် တင်ဒါယှဉ်ပြိုင်သူ၏ အရည်အချင်းသတ်မှတ်ချက်ရှိပါက နည်းပညာအဆိုပြုလွှာဆိုင်ရာ တင်ဒါစည်းမျဉ်းစည်းကမ်းတွင် ကြိုတင်သတ်မှတ်ထားရမည်။

**ပြည်တွင်းလုပ်သားများနှင့်ထုတ်ကုန်များကိုဦးစားပေးခြင်း**

၉၆။ တည်ဆောက်ရေးတင်ဒါ ယှဉ်ပြိုင်ကြသူများကို ပြည်တွင်းထုတ်ကုန်များနှင့် ပြည်တွင်းလုပ်သားများကို ပိုမိုသုံးစွဲငှားရမ်းကြစေရန် တိုက်တွန်းအားပေးစေလိုပါက စိစစ်အကဲဖြတ်ချိန်တွင် သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဦးစားပေးများ သတ်မှတ်၍ဆောင်ရွက်နိုင်သည်။

**ပြည်တွင်းအသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များကို ဦးစားပေးခြင်း**

၉၇။ တင်ဒါဗဟိုကော်မတီသည် တည်ဆောက်ရေးတင်ဒါများတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ပါဝင်ယှဉ်ပြိုင်မှုမြင့်မားစေရေးကို တွန်းအားပေးသည့်အနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင် ယှဉ်ပြိုင်သူများကို တင်ဒါလုပ်ငန်းစဉ်တွင်ပါဝင်နိုင်ရန် အခွင့်အရေးပေးနိုင်သည်။

၉၈။ ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးစားပေးလိုပါက နည်းပညာ အဆိုပြုလွှာစိစစ်အကဲဖြတ်ချိန်တွင် ထည့်သွင်းအမှတ်ပေးနိုင်ရေးအတွက် “တည်ဆောက်ခြင်းတင်ဒါ လုပ်ငန်းများအတွက် အမှတ်ပေးဇယား”တွင် ဦးစားပေးသတ်မှတ်ချက်များ ထည့်သွင်းနိုင်သည်။

**နည်းပညာအဆိုပြုလွှာအောင်မြင်သူများကိုကြေညာခြင်း**

၉၉။ နည်းပညာအဆိုပြုလွှာစိစစ်ခြင်းကို တင်ဒါပိတ်ပြီး (၃၀) ရက်အတွင်း ပြီးစီးအောင် စိစစ်ဆောင်ရွက် ရမည်။

၁၀၀။ နည်းပညာအဆိုပြုလွှာများကို လုပ်ငန်း၏နည်းပညာဆိုင်ရာအရေးပါမှုအပေါ် မူတည်၍ တင်ဒါ ဗဟိုကော်မတီက စံရမှတ်အဖြစ်သတ်မှတ်ထားသော အမှတ်နှင့်အထက်ရရှိသူများအား နည်းပညာအဆိုပြုလွှာ အောင်မြင်သူများအဖြစ် ကြေညာရမည်။

၁၀၁။ နည်းပညာအောင်မြင်သူကြေညာပြီးနောက် နည်းပညာအောင်မြင်ခြင်းမရှိသည့် ကုမ္ပဏီများက ပေးသွင်းထားသောတင်ဒါအာမခံကြေး (Tender Security) ကို (၇) ရက်အတွင်း ပြန်လည်ထုတ်ပေးရမည်။ နည်းပညာမအောင်မြင်ရသည့်အကြောင်းရင်းကို သိရှိလိုပါက တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသို့ စာဖြင့်ရေးသားမေးမြန်းနိုင်သည်။

**ဈေးနှုန်းအဆိုပြုလွှာဖွင့်ဖောက်စိစစ်ခြင်း**

၁၀၂။ သတ်မှတ်ထားသည့် တင်ဒါဖွင့်လှစ်သည့်နေ့ရက်တွင် တင်ဒါများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီက တင်ဒါတင်သွင်းသူများအားလုံး၏ ရှေ့မှောက်တွင် ဖွင့်ဖောက်ရမည် (ပွင့်လင်းမြင်သာမှုအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်က တက်ရောက်စေလိုသောသူများကို လေ့လာသူ (observer) အဖြစ် တက်ရောက်စေနိုင်သည်။) တင်ဒါနည်းလမ်းများအပေါ် မူတည်၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အဆင့်တစ်ဆင့်-စာအိတ်တစ်အိတ်နည်းလမ်းကို အသုံးပြုလျှင် တင်ဒါဖွင့်ချိန်တွင် အောက်ပါတို့ကို ကြေညာရမည်-

(၁) တင်ဒါတင်သွင်းသူများ၊

(၂) တင်သွင်းဈေးနှုန်း။

( ခ ) အဆင့်တစ်ဆင့်-စာအိတ်နှစ်အိတ် နည်းလမ်းကိုအသုံးပြုပါက အောက်ပါတို့ကို ကြေညာရမည်-

(၁) နည်းပညာအောင်မြင်သူများ (နည်းပညာရွေးချယ်မှုစံနှုန်းသတ်မှတ်ချက် ဖော်ပြရမည်)၊

(၂) တင်သွင်းဈေးနှုန်း။

[ ဆက်လက်ဖော်ပြပါမည်။ ]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် (၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### ဘောဂဂုဏ် ကျောက်မျက် ကုမ္ပဏီလီမိတက်

### (BAWGA GONE GEMS COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဘောဂဂုဏ် ကျောက်မျက် ကုမ္ပဏီလီမိတက် (BAWGA GONE GEMS COMPANY LIMITED)** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၆-၂-၂၀၂၁) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ဝင်း (B.Sc, H.G.P., R.L) အမှတ် (၅၀/ပထပ်)၊ အခန်း (စီ–၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ထားပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၅-၄-၂၀၂၁) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြော်ငြာလိုက်ပါသည်။

| | |
|---|---|
| ဦးသိန်းထူး | ဦးကျော်ဝင်း |
| ဒါရိုက်တာ | B.Sc, H.G.P., R.L |
| Bawga Gone Gems Company Limited | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ကိုယ်စား | ဖုန်း–၀၉-၄၄၃၁၁၂၈၇၃ |

ပ၊ ထ၊ န – အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၂၀၃၀/၅-၃-၂၀၂၁။